## (၂၀-၁၁-၂၀၂၀) မှ (၂၆-၁၁-၂၀၂၀) အထိ

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြား ဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြား ဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် (၂-၁၁-၂၀၂၀) ရက်နေ့တွင် အမေရိကန်ဒေါ်လာ (၄၀၂.၄၅) ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး (၂၄-၁၁-၂၀၂၀) ရက်နေ့တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၄၀၄.၆၅) ဒေါ်လာ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 24-Nov-20 | 14.22 cts/lb | 14.19 cts/lb | 404.65 $/T | 18.35 cts/lb |
| 23-Nov-20 | 14.33 cts/lb | 14.17 cts/lb | 407.00 $/T | 18.46 cts/lb |
| 20-Nov-20 | 14.34 cts/lb | 14.13 cts/lb | 408.30 $/T | 18.52 cts/lb |
| 19-Nov-20 | 14.46 cts/lb | 14.11 cts/lb | 409.70 $/T | 18.58 cts/lb |
| 18-Nov-20 | 14.59 cts/lb | 14.05 cts/lb | 411.95 $/T | 18.69 cts/lb |
| 17-Nov-20 | 14.44 cts/lb | 13.98 cts/lb | 409.00 $/T | 18.55 cts/lb |
| 16-Nov-20 | 14.52 cts/lb | 13.95 cts/lb | 413.70 $/T | 18.77 cts/lb |
| 13-Nov-20 | 14.14 cts/lb | 13.91 cts/lb | 409.80 $/T | 18.59 cts/lb |
| 12-Nov-20 | 14.17 cts/lb | 13.91 cts/lb | 406.85 $/T | 18.45 cts/lb |
| 11-Nov-20 | 13.85 cts/lb | 13.90 cts/lb | 397.85 $/T | 18.05 cts/lb |
| 10-Nov-20 | 14.04 cts/lb | 13.92 cts/lb | 400.35 $/T | 18.16 cts/lb |
| 9-Nov-20 | 14.15 cts/lb | 13.91 cts/lb | 401.70 $/T | 18.22 cts/lb |
| 6-Nov-20 | 14.16 cts/lb | 13.90 cts/lb | 401.85 $/T | 18.23 cts/lb |
| 5-Nov-20 | 13.71 cts/lb | 13.89 cts/lb | 391.95 $/T | 17.78 cts/lb |
| 4-Nov-20 | 13.79 cts/lb | 13.90 cts/lb | 393.20 $/T | 17.84 cts/lb |
| 3-Nov-20 | 13.80 cts/lb | 13.89 cts/lb | 397.75 $/T | 18.04 cts/lb |
| 3-Nov-20 | 13.80 cts/lb | 13.89 cts/lb | 397.75 $/T | 18.04 cts/lb |
| 2-Nov-20 | 14.01 cts/lb | 13.87 cts/lb | 402.45 $/T | 18.25 cts/lb |

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ နောက်ဆုံးပတ်တွင် တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၈၂၂) ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး၊ အမေရိကန် နိုင်ငံတွင် (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၃၀၃) ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၅၅၅-၅၉၅) ဒေါ်လာ၊ အိန္ဒိယနိုင်ငံတွင် (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၄၄၃-၅၀၈) ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်၊ ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံတို့တွင် သကြားဈေးနှုန်း အနည်းငယ် ကျဆင်းခဲ့ပြီး အိန္ဒိယနိုင်ငံတွင် သကြားဈေးနှုန်း မြင့်တက်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလနောက်ဆုံးပတ်တွင် မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှ ဈေးမှာ အမေရိကန်ဒေါ်လာ (၃၄၄) ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၈၂၂) ဒေါ်လာ ပေါက်ဈေး ရှိသောကြောင့် တစ်တန် ပေါ်တွင် အမေရိကန်ဒေါ်လာ (၄၇၈) ဒေါ်လာ ဈေးနှုန်းကွာဟချက် ရှိပါသည်။ မြန်မာ-ထိုင်း နယ်စပ်၊ မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ (၅၇၈) ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၇၁၈) ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိ ရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြား ၁ ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေ ပြီး ဘားအံမြို့နှင့် မကွေးမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀၊ နေပြည်တော်နှင့် ပျဉ်းမနားမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၀၀၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေ ကြောင်း တွေ့ရှိရပါသည်။

Trading Economics Website တွင်ဖော်ပြချက်အရ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ နောက်ဆုံးပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများသည် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ၄ ဒသမ ၄၀ ရာခိုင်နှုန်းဈေးနှုန်း မြင့်တက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ **ကေသွယ်(တန့်ဆည်မြေ)**